# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ဒုတိယနေ့ အစည်းအဝေး အကျဉ်းချုပ်
# ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
# (၂၀၂၆ ခုနှစ်၊ ဇွန်လ ၃ ရက်)
# [ ဗုဒ္ဓဟူးနေ့]

၁။ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

၂။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၉)ဦး ရှိပြီး (၂၀၈)ဦး တက်ရောက်သည့်အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါသည်။

**ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ခြင်း**

၃။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၀၉)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိသည့်အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၄။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)၏ **စစ်ကိုင်းတိုင်းဒေသကြီး ၊ ခန္တီးမြို့ရှိ ဆိုလာဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ မီတာခလျှော့ပေါ့ကောက်ခံရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်း နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးအေးကျော်က

ဓာတ်အားခတစ်ယူနစ်(တစ်ကီလိုဝပ် နာရီ)ဈေးနှုန်းကို (၉၀၀)ကျပ်ဖြင့် လျှော့ချ ကောက်ခံနိုင်ရန်အတွက် ခန္တီးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြန်လည်ချုပ်ဆိုသွားရန် အစီအစဉ်ရှိပါကြောင်း စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ဖြေကြားချက်နှင့် ညှိနှိုင်းပေါင်းစပ်ဖြေကြားပါသည်။

(ခ) ဦးခင်မောင်မြင့်၊ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ၏ **ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ အင်တောမြို့၊ ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်း ကျေးရွာ၊ တောင်သူကုန်းကျေးရွာ၊ တောင်ထိပ်ကျေးရွာများအား လျှပ်စစ်မီး သွယ်တန်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးကျော် က ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှသာ အဆိုပါကျေးရွာ ၄ ရွာအား ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထပ်မံတည်ဆောက်ရန် လိုအပ်သည့် ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများအား ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမည့်ကာလနှင့် ကိုက်ညီအောင် ရှမ်းပြည်နယ် အစိုးရရန်ပုံငွေဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြေကြားပါသည်။

(ဂ) ဦးဇော်ဇော်မြင့်၊ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၁)၏ **ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်တွင် (၂၄)နာရီလျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အား ပြင်ပစနစ် (OFF Grid)ဖြင့် နေစွမ်းအင်သုံး စီမံကိန်း (Solar Power Project) ကဲ့သို့ စီမံကိန်းတစ်ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးကျော် က ရခိုင်ပြည်နယ်မာန်အောင်ကျွန်းတွင် ၂၄ နာရီလျှပ်စစ်ဓါတ်အား ရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုရီးယားနိုင်ငံ KOICA တို့

ပူးပေါင်း၍ ကွင်းဆင်းတိုင်းတာမှုအရ အဆင့် ၃ ဆင့် ဖြင့် Solar Power Plant များ တည်ဆောက်၍ ဓါတ်အားပေးနိုင်ရန် စီမံချက် ရေးဆွဲခဲ့ပြီး Phase – 1 အနေဖြင့် မာန်အောင်မြို့ပေါ် ၅ ရပ်ကွက် နှင့် ကျေးရွာ ၄ ရွာ အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ မှ စ၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့ကြောင်း၊ Phase – 2 ကျေးရွာ ၆၂ ရွာ၊ အိမ်ထောင်စု ၆၂၄၁ စုအား ဓာတ်အားပေးနိုင်ရေး အတွက် 2.5 MW Solar Power Plant(Solar + Battery + Diesel Generator ) စနစ်တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဘဏ္ဍာငွေခွင့်ပြု ရရှိမှုအပေါ်မူတည်၍ နှစ်အလိုက် လျာထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် Phase – 2 အကောင်အထည်ဖော် ဆောင်ရွက်ပြီးမှသာ ကျန်ရှိသည့် Phase – 3 အား အဆင့်အလိုက်ဆက်လက် လျာထား အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားပါသည်။

(ဃ) ဦးဇော်ဇော်မြင့်၊ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် လမ်းမီးများအား နေရောင်ခြည် စွမ်းအင်သုံး (Solar Power System) ဖြင့် လျှပ်စစ်မီး တပ်ဆင် ပေးသွားနိုင်ရေး** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးအေးကျော် က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အတွင်း လမ်းမီးလုံးရေ (၂၀၀၀)ကျော် တပ်ဆင်ရန်ရှိသည့်အနက် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အလုံးရေ (၁၀၀၀) အား တပ်ဆင်ပေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် တပ်ဆင်ရန် ကျန်ရှိ သည့် ဆိုလာလမ်းမီးများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ညှိနှိုင်း၍ လာမည့် ဘဏ္ဍာနှစ်များတွင် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဘဏ္ဍာငွေခွဲဝေ ရရှိမှု အပေါ်မူတည်၍ ဆက်လက်တပ်ဆင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

**အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်းနှင့် အမည်စာရင်းတင်ပြခြင်း**

၅။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၅)ဦး ဖြင့် ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်အားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါသည်။ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပါသည်။

**ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း**

၆။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းပါသည်။

**အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၇။ ဦးဇင်မင်းထက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) (ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး)က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌ က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

၈။ အစည်းအဝေးကို ၁၁:၂၂ နာရီ အချိန်တွင် ရပ်နားပြီး တတိယနေ့အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက် (တနင်္လာနေ့) တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**